ထိုကုမ္ပဏီတွင် အစုပါဝင်သူများအနက် မည်သည့်အစုပါဝင်သူကိုမဆို၊ တည်ထောင်အုပ်ချုပ်သူအား ပြစ်ဒဏ်ပေးနိုင်သည့် ပြစ်မှုတခုခုအတွက်၊ ဤအက်ဥပဒေအရ တရားစွဲဆို၍ ပြစ်ဒဏ်စီရင်နိုင်သည်။

သို့ရာတွင် ထိုကုမ္ပဏီသည် အများပိုင်ကုမ္ပဏီဖြစ်လျှင်၊ ပြည်ထောင်စု မြန်မာနိုင်ငံတွင်နေထိုင်သည့် ဒါရိုက်တာ လူကြီးတဦးကိုသော်၎င်း၊ အနည်းပိုင် ကုမ္ပဏီဖြစ်လျှင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတွင် နေထိုင်သည့် အစုပါဝင်သူ တဦးကို သော်၎င်း ဤ အက်ဥပဒေပါ ကိစ္စများ အလို့ငှါ တည်ထောင်အုပ်ချုပ်သူအဖြစ် အမည် တင်သွင်းထားပြီးဖြစ်ကြောင်းဖြင့် မှတ်ပုံတင်အရာရှိအား လျှောက်ထားရမည်။ ထို့ပြင်ထိုဒါရိုက်တာလူကြီးသည်၊ သို့တည်းမဟုတ် အစုပါဝင်သူသည် ယင်းသို့နေထိုင်သမျှ ကာလပတ်လုံး မိမိအား အမည်တင်သွင်းထားခြင်းကို ပယ်ဖျက်သည့် နောက်ထပ်လျှောက်လွှာကို မှတ်ပုံတင်အရာရှိက မရမီသော်၎င်း၊ မိမိသည် ဒါရိုက်တာလူကြီးအဖြစ်မှ၊ သို့တည်းမဟုတ် အစုပါဝင်သူအဖြစ်မှ ရပ်စဲခြင်းမပြုမီသော်၎င်း ဤအက်ဥပဒေပါ ကိစ္စများအလို့ငှါ တည်ထောင်အုပ်ချုပ်သူဖြစ်သည်ဟူ၍ မှတ်ယူရမည်။

၁၆။ ။သဘောရိုးဖြင့် ဤအက်ဥပဒေအရ သော်၎င်း၊ နည်းဥပဒေများအရ သော်၎င်း ပြုသည့်၊ သို့တည်းမဟုတ် ပြုရန်ကြံရွယ်သည့်ကိစ္စအတွက်၊ မည်သူကိုမျှ တရားမမှုဖြစ်စေ၊ ရာဇဝတ်မှုဖြစ်စေ၊ အခြားတရားမှုခင်းဖြစ်စေ မစွဲရ။

၁၇။ ။ကချင်ပြည်နယ်ဥက္ကဋ္ဌသည် ဤအက်ဥပဒေပါ ကိစ္စများကို ဆောင်ရွက်ရန်အလို့ငှါ နည်းဥပဒေများကို ကြိုတင်ထုတ်ပြန်ပြီးနောက် ပြုနိုင်သည်။

---

## D.—THE KAREN STATE.

## ဃ။ ။ကရင်ပြည်နယ်။

### THE SALWEEN DISTRICT (EXTENSION OF LAWS) ACT, 1949.*

[ACT LXI, 1949.] (20th October, 1949.)

WHEREAS it is expedient to extend the provisions of certain enactments to the Salween District, it is hereby enacted as follows :—

**1.** This Act may be called the Salween District (Extension of Laws) Act, 1949.

**2.** The enactments mentioned in column (1) of the Schedule shall apply to the Salween District, subject to the modifications and adaptations, if any, set forth in column (2).

**3.** Subject to the provisions of the Constitution, the President may, by notification, make such further modifications and adaptations in column (2) of the Schedule in respect of any enactment mentioned therein or in respect of any rules or regulations made under the said enactments, as may be required by the exigencies of the Salween District.

---

* Published in *Burma Gazette*, 1949, Part I, page 983.

**4.** Subject to the provisions of sections 2 and 3, the provisions contained in any enactment mentioned in the Schedule shall be void in so far as they are inconsistent with the provisions of any Act of the Parliament.

## SCHEDULE.

| Title.<br>(1) | Modifications and Adaptations.<br>(2) |
|---|---|
| 1. The State Aid to Industries Act, as amended ... ... | Nil. |
| 2. The Code of Criminal Procedure (Amendment) Act, 1945 ... | " |
| 3. The Courts Act, 1945 ... ... ... | " |
| 4. The Advances to Cultivators (Recovery) Act, 1946 ... | " |
| 5. The Income-Tax (Amendment) Act, 1946 ... ... | " |
| 6. The Burma Tariff (Amendment) Act, 1946 ... ... | " |
| 7. The Burma Court Fees (Amendment) Act, 1946 ... ... | " |
| 8. The Burma Tariff (Second Amendment) Act, 1946 .. | " |
| 9. The Burma Tariff (Amendment) Act, 1947 ... ... | " |
| 10. The Penal Code (Amendment) Act, 1947 ... ... | " |
| 11. The Trade Disputes (Amendment) Act, 1947 ... ... | " |
| 12. The Code of Criminal Procedure (Amendment) Act, 1947 ... | " |
| 13. The Savings Certificates Act, 1947 ... ... ... | " |
| 14. The Code of Criminal Procedure (Second Amendment) Act, 1947. | " |
| 15. The Control of Imports and Exports (Temporary) Act, 1947, as amended. | " |
| 16. The Penal Code and Criminal Procedure (Temporary Amendment) Act, 1947. | " |
| 17. The Towns (Amendment) Act, 1947 . ... .. | " |
| 18. The Registration (Temporary Provisions) (Amendment) Act, 1947. | In section 1 *for* the words "four months" the words "one year" *shall be substituted.* |
| 19. The Savings Stamps Act, 1947 ... ... ... | Nil. |
| 20. The Penal Code and Criminal Procedure (Temporary) Amendment (Amending) Act, 1947. | " |
| 21. The Buildings (Regulation of Construction and Repair) (Amendment) Act, 1947. | " |
| 22. The Essential Supplies and Services (Second Amendment) Act, 1947. | " |
| 23. The Registration (Amendment) Act, 1947 ... ... | " |
| 24. The Public Property Protection Act, 1947 ... ... | " |
| 25. The Search (Special Power) Act, 1947 ... ... | " |
| 26. The Union Military Police Act, 1948 ... ... | " |
| 27. The Essential Supplies and Services (Amendment) Act, 1948. | " |
| 28. The Urban Rent Control Act, 1948, as amended ... ... | " |

---

## ၁၉၅၂ ခုနှစ်၊ ကရင်ပြည်နယ်တိုးချဲ့သတ်မှတ်ရေးအက်ဥပဒေ။

[၁၉၅၂ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၄။] (၁၉၅၄ ခု၊ ဇွန်လ ၁ ရက်။)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို ၁၉၅၂ ခုနှစ်၊ ကရင်ပြည်နယ် တိုးချဲ့သတ်မှတ်ရေး အက်ဥပဒေဟု ခေါ်ရမည်။